မည်သူမဆို အလ္လာဟ်အရှင်မြတ်၏လမ်းတော် (ဂျိဟာဒ်ပြုနေစဉ်ကာလအတွင်း) ၌

ရိုဇာတစ်ရက်စောင့်ထိန်းခဲ့လျှင် အလ္လာဟ်အရှင်မြတ်သည်ထိုသူ၏ မျက်နှာအား ဂျဟန္နမ်ငရဲမီးမှ

နှစ်ပေါင်းခုနစ်ဆယ် ခရီးအတိုင်းအတာမျှ

ဝေးကွာစေတော်မူမည် ဖြစ်သည်။

အဗူစအီးဒ် ခွဒ်ရီး (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ ကျွန်တော်သည်
တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်တော်မူသည်ကို ကြားသိခဲ့ရသည်။
"မည်သူမဆို အလ္လာဟ်အရှင်မြတ်၏လမ်းတော် (ဂျိဟာဒ်ပြုနေစဉ်ကာလအတွင်း) ၌
ရိုဇာတစ်ရက်စောင့်ထိန်းခဲ့လျှင် အလ္လာဟ်အရှင်မြတ်သည် ထိုသူ၏ မျက်နှာအား
ဂျဟန္နမ်ငရဲမီးမှ နှစ်ပေါင်းခုနစ်ဆယ် ခရီးအတိုင်းအတာမျှ ဝေးကွာစေတော်မူမည်ဖြစ်သည်။"
[صحيح] [متفق عليه]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က ရှင်းလင်းမိန့်ကြားတော်မူခဲ့သည်မှာ- မည်သူမဆို အလ္လာဟ်အရှင်မြတ်၏ နှစ်သက်မှုနှင့် အကျိုးဆုလာဘ်ကို မျှော်ကိုးလျှက်စိတ်ရင်း‌စေတနာဖြူစင်စွာဖြင့် ဂျိဟာဒ်ပြုလုပ်‌နေစဉ်ကာလအတွင်း (အချို့ကဂျိဟာဒ်ပြုလုပ်‌နေစဉ်ကာလနှင့် အခြားသောကာလများတွင်ဟူ၍လည်း ဆိုကြသည်) ရိုဇာတစ်ရက်စောင့်ထိန်းခဲ့လျှင် အလ္လာဟ်အရှင်မြတ်သည် မိမိ၏ကျေးဇူးတော်ဖြင့်ထိုသူနှင့် ဂျဟန္နမ်ငရဲမီးအကြား နှစ်ပေါင်းခုနစ်ဆယ် ခရီးအတိုင်းအတာမျှဝေးကွာစေတော်မူမည်ဖြစ်သည်။

https://sunnah.global/hadeeth/my/show/4436